မိုင်းလင်းရှိကြောက်မက်ဖွယ် ရွှေဆက်တူး
နေမှုသည်

# ကတိကို ဖေါက်ဖျက်



ရှမ်းပြည်တောင်သူလယ်သမားများကွန်ယက်

# မာတိကာ


1. နိဒါန်း ........................................................................................ 4

2. နောက်ခံသမိုင်း ........................................................................... 5

3. ရွာသားများ၏ တောင်းဆိုချက်ကို တုန့်ပြန်မှု - ၂၀၁၄ ဩဂုတ် - ၂၀၁၅ ဇူလိုင်။ .9

4. ရွာလူထု သွေးကွဲရန် ကုမ္ပဏီက ကြိုးပမ်းသည်။ ...................................... 25
.

5. နားဟိုင်းလုံရွာတွင် ကျန်းမာရေး အခြေအနေဆိုးဝါးလာခြင်း။ .................... 26

6. နိဂုံးနှင့် တောင်းဆိုချက်များ ............................................................. 27

7. ဗမာစစ်အစိုးရစစ်သားမှ လုံးဆမ်အားပစ်သတ်ရာပြအချိန်ဇယား................. 28




နမ့်ခမ်းချောင်း တွင်းရှိသဲနုန်းကို ကုမ္ပဏီကကုတ်ထုတ်



ဘိုတူဆာ ရွှေတူးဖော်ရာဆိုဒ်တွင် တူးဖော်နေ

## နိဒါန်း

လူထု၏အပြင်းအထန်တားဆီးမှုကြောင့်ရှမ်းပြည်နယ်အစိုးရသတ္တုတွင်းဝန်ကြီးက ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလင်း၌ ရွှေတူးခြင်းကို၂၀၁၄ခုဇူလိုင်လတွင်ရပ်တန့်ရန် အမိန့်ပေးခဲ့သည်။ သို့သော်လည်းနေပြည်တော်၏ခွင့်ပြုချက်ဖြင့်ယနေ့တိုင်ဆက်လက်တူးဖေါ် နေသောကြောင့်ဒေသခံရွာသားများ၏ဘဝရပ်တည်ရေးနှင့်ကျန်းမားရေးများစွာဆိုးကျိုးသက်ရောက်နေသည်။

ဤစာအုပ်သည်ကုမ္ပဏီတို့၏တာဝန်ခံမှုရှိစေရန်၊ကုမ္ပဏီများနှင့်အစိုးရတာဝန်ရှိသူများက ဒေသခံ လူထု၏အခွင့်အရေးကိုကာကွယ်ပေးရန်ကျေးရွာလူထု၏လှုပ်ရှားမှုကိုမှတ်တမ်းတင်ထားခြင်းဖြစ် သည်။

ဤစာအုပ်သည် အောက်တိုဘာလ (၁၃) ရက်နေ့တွင်ရွှေတွင်းလုံခြုံရေးယူထားသော မြန်မာအစိုးရစစ်သားများမှ ပစ်သတ်ခြင်း ခံရသည့် နားဟိုင်းလုံ ရွာသား လုံဆမ် အတွက် လှူတန်းသည့်စာအုပ်ဖြစ်သည်။လုံဆမ်သည် သူ၏ ရွာအထက်ပိုင်းရှိ ရွှေတူးဖော်ရေးရှိရာ တောင်ကုန်းသို့ သွားကြည့်သော ရွာသားတစုထဲတွင်ပါဝင်သူတစ်ဦးဖြစ်သည်။ စစ်သားများ ၎င်းရွှေတူးဖော်ရေးလုပ်ငန်းကို လုံခြုံရေး ယူထားနေသည်။



မိုင်းလင်းရှိကြောက်မက်ဖွယ် ရွှေဆက်တူးနေမှုသည် ကတိကို ဖေါက်ဖျက်ခြင်းဖြစ်သည်။

## နောက်ခံသမိုင်း

၂၀၀၇ခုနှစ် ကပင်ရှမ်းပြည်နယ်အရှေ့ပိုင်းတာချီလိတ်မြို့နယ်မိုင်းလင်းကျေးရွာအုပ်စုရှိရွာသားများ သည်လွယ်ခမ်းလုံကုမ္ပဏီတောင်ကုန်းများရှိအကြီးစားရွှေတူးဖော်ရေးလုပ်ငန်းကြောင့်ဆိုးကျိုးများတိုးပွါးနေခဲ့ပါသည်။ဤရွှေတူးဖော်ရေးလုပ်ငန်းကိုကုမ္ပဏီသုံးခုများဖြစ်သည့်စိုင်းတစ်ကုမ္ပဏီ၊ လွယ်ခမ်းလုံကုမ္ပဏီ၊စိုင်းစိုက်ပျိုးရေးကုမ္ပဏီတို့ကလုပ်ဆောင်ကြသည်။သဘာဝပတ်ဝန်းကျင်ကို အကြီးအကျယ်ပျက်စီးစေပြီးရေညစ်ညမ်းမှုကိုဖြစ်စေသည်။ဆိုက်အာနိုက်(cyanide)အဆိပ် ရည်များဖြင့်ပြည့်နေသောသန့်စင်ရေကန်များအပါအဝင်ရွှေတူးဖော်ရေးလုပ်ငန်းမှစွန့်ပစ်ပစ္စည်းများသည်ရေချောင်းများကိုပိတ်ဆီးနေသဖြင့် စိုက်ပျိုးမြေများကိုရေလွှမ်းမိုးစေသည်၊မြေအောက်ရေကိုညစ်ညမ်းစေသည်။

ရွှေတူးသည့်နေရာအောက်ဖက်အနီးဆုံးရွာများဖြစ်သည့်နားဟိုင်းလုံနှင့်ဂိန်းမနော်ရွာနှစ်ရွာမှရွာသား(၃၄၀) မှာဆိုးကျိုးများကိုအပြင်းထန်ဆုံးခံစားရသူများဖြစ်သည်။စပါးစိုက်ဧရိယာ(၁၆၈)ဧကနှင့် ဉယျာဉ်ခြံများလုံးဝပျက်စီးသွားသည်။ရေအရင်းအမြစ်များပျက်စီးပြီး သဲနုံးမြေများလွှမ်းသဖြင့် စိုက်လယ်ဧက(၁၃၀)နှင့်ဉယျာဉ်ခြံများ၊ငါးကန်များသုံးမရဖြစ်ကုန်သည်။ရိုးရာစိုက်ပျိုးရေးလုပ်ငန်းကိုမှီခိုသည့်ရွာသားတို့၏ဘဝရှင်သန်ရေးကိုထိခိုက်စေသည်။

ဘဝရပ်တည်ရေးပျက်ယွင်းသဖြင့်ရွာသားများပိုမိုဆင်းရဲလာခါသူတို့သားသမီးများကိုကျောင်းဆက်မထားနိုင်ကြတော့ပေ။နားဟိုင်းလုံရွာမှလူငယ်လေးပုံသုံးပုံခန့်မှာရွာပြင်ထွက်အလုပ်လုပ်ကြရသည်။၂၀၀၇ခုနှစ်မတိုင်မီကစိုက်ပျိုးရေးကိုအားထားနိုင်သဖြင့်ရွာပြင်ထွက်အလုပ်လုပ်ကိုင်ရခြင်းမရှိခဲ့ပေ။

မိုင်းလင်း ကျေးရွာအုပ်စုအတွင်း ရွှေတူးဖော်ရေးလုပ်ငန်းပြမြေပုံ




၂၀၁၂ခုနှစ်မှစ၍ရွာသားများသည်ဒေသဆိုင်ရာအာဏာပိုင်များနှင့်ကုမ္ပဏီတို့ကိုအသနားခံစာများတင်ခဲ့သော်လည်းမည်သည့်အကျိုးသက်ရောက်မှုမှမရှိခဲ့ပေ။ထို့ကြောင့်ရွာသားများ-သည်၂၀၁၄ ခုနှစ်အစောပိုင်းတွင်ရှမ်းတောင်သူလယ်သမားများကွန်ယက်နှင့်ပူးပေါင်း၍ရွှေတူးလုပ်ငန်းရပ်တန့် ရေးအတွက်လူထုလှုပ်ရှားမှုလုပ်ဆောင်ရန်ဆုံးဖြတ်ခဲ့ကြသည်။
သူတို့ကရွှေတူးဖော်သည့်လုပ်ငန်း ကြောင့်ထိခိုက်မှုများမှတ်တမ်းစာအုပ်လေးကိုမြန်မာ၊ရှမ်းအင်္ဂလိပ်ဘာသာသုံးမျိုးနှင့်ထုတ်ဝေခဲ့ သည်။၂၀၁၄ဇူလိုင်၁၄ရက်နေ့တွင်တောင်ကြီးသို့သွားခါရှမ်းပြည်နယ်သစ်တောနှင့် သတ္တုတွင်းဝန်ကြီးစိုင်းအိုက်ပေါင်း (ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီခေါင်းဆောင်)နှင့်တွေ့ပြီးပြဿနာကိုတင်ပြခဲ့သည်။





ဇူလိုင်လ ၁၆ရက်နေ့ တွင်တောင်ကြီး၌သတင်းစာရှင်းလင်းပွဲကိုရွာသားများကလုပ်ခဲ့သည်။ ထိုရှင်းလင်းပွဲတွင်ထိုစာအုပ်ကိုဖြန့်ဝေခါတောင်းဆိုချက်သုံးရပ်ကိုထုတ်ပြန်ခဲ့သည်။

၁။ ကုမ္ပဏီသုံးခုဖြစ်သည့် စိုင်းတစ်ကုမ္ပဏီ၊လွယ်ခမ်းလုံကုမ္ပဏီ၊စိုင်းစိုက်ပျိုးရေးကုမ္ပဏီများရွှေတူး ဖော်ခြင်းမှလုံးဝ ရပ်ဆိုင်းပြီး တူးဖေါ်ရာဒေသမှၝင်းတို့၏ပစ္စည်းအားလုံးရွှေ့ပေးရန်။

၂။ထိုကုမ္ပဏီသုံးခုသည်နားဟိုင်းလုံရွာ၏လယ်မြေများ၊ရေစီးရေလာလမ်းများကိုရွာသားများကျေနပ်သည့် အထိ ပြန်လည်ပြုပြင်ဖေါ်ထုတ်ပေးရန်။

၃။ပျက်စီးသွားသောလယ်တစ်ဧကသီးနံအတွက်ထိုကုမ္ပဏီများမှ(၆၆၀၀၀၀)ကျပ်လျော်ကြေး ပေးရန်တို့ဖြစ်သည်။

ပြည်နယ်ဝန်ကြီးစိုင်းအိုက်ပေါင်းကၝင်းကုမ္ပဏီသုံးခုမှကိုယ်စားလှယ်များနှင့်ရွာသားများတွေ့ဆုံ ရန်ဇူလိုင်လ ၁၈ ရက်တွင်ပြည်နယ်ပါလီမန်ရှိရာတောင်ကြီးသို့ခေါ်လိုက်သည်။ စိုင်းတစ်ကုမ္ပဏီပိုင်ရှင်၏သားစိုင်းရွက်ခမ်း၊စိုင်းစိုက်ပျိုးရေးကုမ္ပဏီပိုင်ရှင်စိုင်းမွန်ခမ်းနှင့် လွယ်ခမ်းလုံကုမ္ပဏီကိုယ်စားလှယ်တို့တွေ့ဆုံပွဲကိုတက်ရောက်ကြသည်။
စိုင်းအိုက်ပေါင်းကကုမ္ပဏီများကိုရွာသားတို့လိုလားချက်အတိုင်းရွှေတူးဖော်သည့်လုပ်ငန်းကိုရပ်တန့်ရန်မြေနှင့်ရေစီးရေလာကောင်းမွန်ရန်ပြန်လည်ပြုပြင်ရန်နှင့်ပြန်လည်စိုက်ပျိုး၍မရသော လယ်မြေများအတွက်လျော်ကြေးပေးရန် အမိန့်ပေးလိုက်သည်။
ကုမ္ပဏီကိုယ်စားလှယ်တို့ကဝန်ကြီးအမိန့်ပေးသည့်အတိုင်းအကောင်ထည်ဖေါ်မည်ဟုအစည်းအဝေး၌ပြောကြသည်။

နောက်လ ဩဂုတ်လ ၅ရက် ၂၀၁၄ခုနှစ်တွင်ဝန်ကြီးစိုင်းအိုက်ပေါင်းသည်တာချီလိတ်သို့သွားခါ ရွှေတူးဖော်သည့် လုပ်ငန်းကြောင့်ထိခိုက်နစ်နာသည့်ရွာသားများနှင့်ကုမ္ပဏီကိုယ်စားလှယ်တို့ကို ခရိုင်ရုံးခန်းတွင်တွေ့ဆုံသည်။သူကရွှေတူးသည့်ကုမ္ပဏီတို့ကိုရွာသားများတောင်းဆိုသည့် အချက်သုံးချက်အားအကောင်အထည်ဖေါ်ရန်ထပ်မံအမိန့်ပေးသည်။ အစိုးရဝန်ထမ်းတို့ကိုလည်း ပျက်စီးသည့်လယ်မြေများအတွက်ကုမ္ပဏီများမှဩဂုတ်၁၅ရက်တွင်လျော်ကြေးပေးနိုင်ရေး အတွက်စာရင်းပေးပို့ရန်လည်းအမိန့်ပေးခဲ့သည်။ဩဂုတ်လ၆ရက်နေ့ ကစိုင်းအိုက်ပေါင်းသည် နားဟိုင်းလုံရွာသို့သွားရန်ကြိုးစားခဲ့သော်လည်းလမ်းများလွန်စွာ ပျက်စီးပြီးရွံ့ဗွက်များထူသဖြင့် မသွားနိုင်ခဲ့ပေ။သူကလမ်းပြုပြင်ရန်အတွက်

လွှတ်တော်ထဲ တွင်တင်ပြပေးမည်ဟုပြောကြားခဲ့သည်။ ကုမ္ပဏီများကရွာအနီးတဝိုက်တွင် ရွှေတူးခြင်းကိုမရပ်ပါကရဲတပ်ဖွဲ့ကအရေးယူရန်အမိန့်ပေးမည်ဟုမှာကြားခဲ့သည်။

မည်သို့ပင်ဖြစ်စေတနှစ်ကြာပြီးနောက်ရွှေတောင်ပေါ်တွင်ရွှေတူးဖော်ရေးလုပ်ငန်းမှာ ဆက်လက်တည်ရှိနေသည်။နားဟိုင်းလုံရွာသားတို့၏ကျန်းမာရေး၊ဘဝရပ်တည်ရေးအခြေအနေမှာဆိုးဝါးလျှက်ရှိသည်။

ရွှေတူးဖော်ရေးလုပ်ငန်းရပ်တန့်စေရန်တောင်းဆိုချက်ကိုဆက်လက်လုပ်ဆောင်နိုင်ရန်တွက် ရွာသားများလွန်ခဲ့သည့်နှစ်အတွင်းလက်တွေ့ဖြစ်စဉ်များကိုမှတ်တမ်းတင်ခါသတင်းအချက်အလက်ကိုဤစာအုပ်ငယ်ကစုဆောင်းတင်ပြထားသည်။



ရေချောင်းတစ်လျှောက်တိုက်စားပြို့ကျပျက်စီး



မိုင်းလင်းရှိကြောက်မက်ဖွယ် ရွှေဆက်တူးနေမှုသည် ကတိကို ဖေါက်ဖျက်ခြင်းဖြစ်သည်။



လွယ်ခမ်း(ရွှေတောင်) သို့ ရွာသူ၊ရွာသားများသွားရောက်လေ့လာ

## ရွာသားများ၏ တောင်းဆိုချက်ကို တုန့်ပြန်မှု - ၂၀၁၄ ဩဂုတ် - ၂၀၁၅ ဇူလိုင်။

၁။ ရွှေတူးလုပ်ငန်းဆက်ရှိနေ

တောင်းဆိုချက် - စိုင်းတစ်ကုမ္ပဏီ၊လွယ်ခမ်းလုံကုမ္ပဏီ၊စိုင်းစိုက်ပျိုးရေးကုမ္ပဏီတို့သည် မိုင်းလင်းဒေသတွင် ရွှေတူး ဖော်ခြင်းကိုလုံးဝရပ်တန့်ရန်နှင့်၎င်းတို့၏ပစ္စည်းကိရိယာများကို ဤဒေသမှရွှေ့သွားရန်။

တုန့်ပြန်ချက် - စိုင်းတစ်ကုမ္ပဏီတခုတည်းသာရွှေတူးလုပ်ငန်းကိုရပ်တန့်သည်။လွယ်ခမ်းလုံကုမ္ပဏီ၊စိုင်းစိုက်ပျိုး ရေးကုမ္ပဏီနှစ်ခုသည်ဆက်လက်တူးနေသည်။

သတ္တုတွင်းဝန်ကြီးကရွှေတူးဖော်ရေးလုပ်ငန်းကိုရပ်တန့်ရန်အမိန့်ပေးပြီးနောက် လွယ်ခမ်းလုံဒေသတွင်ရွှေတူးနေခြင်းကိုရွာသားများ၏စောင့်ကြည့်မှတ်တမ်းတင်ထားရှိမှုကိုအောက်ပါ ဇယားတွင် ဖေါ်ပြထားသည်။၂၀၁၄ခုဩဂုတ်လမှ၂၀၁၅မေလ အတွင်းရွာသားများသည် ရွှေတူးဖော်ရာဒေသသို့ ဆယ့်တစ်ကြိမ်မျှသွားရောက်လေ့လာခဲ့သည်။



ရွာသူ၊ရွာသားများရွှေတူးရာတောင်သို့သွားရောက်လေ့လာ

တကြိမ်မှာအစိုးရအရာရှိများနှင့်အတူသွားခဲ့သည်။ဇယားတွင်ရွှေတူးရာဒေသသို့အစိုးရအရာရှိများ၏၂၀၁၄ခုနှစ်အောက်တိုဘာလတွင် စစ်ဆေးမှုကိုလည်းမှတ်တမ်းတင်ထားသည်။
ရွှေတူးဖော်မှုရပ်ဆိုင်းရန်အမိန့်အားကုမ္ပဏီသုံးခုကမည်သို့တုန့်ပြန်ကြသည်ကိုရွာသားများက လေ့လာသုံးသပ်ထားခြင်းဖြစ်သည်။

စိုင်းစိုက်ပျိုးရေးကုမ္ပဏီ - ရွှေတူးဖော်ရေးလုပ်ငန်းကိုရပ်တန့်ရန်၂၀၁၄ဩဂုတ်လတွင်မူလကနာခံသော်လည်းယနေ့အထိ ဆက်လက်တူးနေသည်။

လွယ်ခမ်းလုံကုမ္ပဏီ - ရွှေတူးဖော်ရေးအသစ်တူးဖေါ်ခြင်းများကို၂၀၁၄စက်တင်ဘာ နှင့်ဒီဇင်ဘာတွင်ရပ်ဆိုင်းထားသော် လည်းသူတို့၏ပစ္စည်းကိရိယာများကိုမရွှေ့သွားပေ၊သတ္တုသန့်စင်ရေးကန်များတွင်ဆက်လက်လုပ် ဆောင်နေသည်။၂၀၁၅ခုနှစ် ဖေဖေါ်ဝါရီလတွင် တူးဖေါ်သည့်လုပ်ငန်းကိုအပြည့်အဝပြန်လည် ဆောင်နေသည်မှာယနေ့အထိတိုင်ဖြစ်သည်။
စိုင်းတစ်ကုမ္ပဏီ - စိုင်းတစ်ကုမ္ပဏီအားစောင့်ကြည့်ခြင်းအလုပ်ကို၂၀၁၄ခုဩဂုတ်လ၊စက်တင်ဘာလနှင့်နိုဝင်ဘာလအထိလုပ်ခဲ့သည်။သန့်စင်ရေးကန်များကိုဆက်လက်အသုံးပြုနေသည်။သို့သော်၂၀၁၄ဒီဇင်ဘာလတွင်အလုပ်သမားများနှင့်ပစ္စည်းကိရိယာတို့ကိုပြန်သိမ်းသွားကြသည်။ရွှေတူးဖော်သည့်လုပ်ငန်းကိုဆက်မလုပ်တော့ပါ။







နမ့်ခမ်းချောင်းကိုထပ်မံပြုပြင်တူးဖော်



ရွှေသန့်စင်ရေးကန်

မှတ်ချက် - အောက်ပါဇယားတွင်ဖေါ်ပြထားသောသန့်စင်ကန်များမှာမြေကြီးထဲတွင်တွင်းတူးပြီးပလပ်စတစ်ဖျင်ဖြင့်ခံထားခါရေဖျော်ထားသောဆိုက်အာနိက်ကိုထည့်ထားသည်။ရလာသောမြေဇာမှ ကျောက်တုံးများကို ရွှေနှင့်ခွဲခြားရန်ဖြစ်သည်။ထိုကန်တို့မှအဆိပ်ရေကို မစစ်တော့ဘဲ အခါအားလျော်စွာနမ့်ခမ်း ချောင်းထဲထုတ်လွှတ်သဖြင့်အောက်ပိုင်းရှိနားဟိုင်းလုံရွာသို့စီးဆင်းရောက်ရှိလာသည်။

## တာချီလိတ်မြို့နယ်၊ မိုင်းလင်း ကျေးရွာအုပ်စု လွယ်ခမ်းတောင်ကုန်းရှိ ရွှေတူးလုပ်ငန်းကို စောင့်ကြည့်ခြင်း

| နေ့စွဲ | စောင့်ကြည့်သူ | ရွှေတူးသည့် ကုမ္ပဏီ | | |
|---|---|---|---|---|
| | | စိုင်းစိုက်ပျိုးရေးကုမ္ပဏီ | လွယ်ခမ်းလုံကုမ္ပဏီ | စိုင်းတစ်ကုမ္ပဏီ |
| ဩဂုတ်၁၆၊၂၀၁၄ | နားဟိုင်းလုံရွာသား၃၀ | ရွှေမတူး။ကိရိယာမရှိ။ | ရွှေတူး | ရွှေတူး |
| ဩဂုတ်၁၉၊၂၀၁၄ | နားဟိုင်းလုံရွာသား၁၉ နှင့်အစိုးရအရာရှိ များ | ရွှေမတူးကိရိယာမရှိ။အလုပ်သမားနှစ်ယောက်ရှိနေဆဲ။ | ရွှေတူးသည်။အလုပ်သမား၇ယောက်၊မြေတူးစက်၅စီး၊မြေညှိစက်၃စီး၊ ထရပ်၂စီး | ရွှေမတူး၊မြေတူးစက်၃စီး၊ မြေညှိစက်၁စီး ၊အလုပ်သမား ၁၀ယောက်။ |
| စက် တင်ဘာ၁၄၊၂၀၁၄။ | နားဟိုင်းလုံ ရွာသား ၇ ယောက် | ရွှေတူးသည်၊မြေတူးစက်၁စီး၊ အလုပ်သမား၃ယောက်။ | ရွှေတူးသည်။မြေတူးစက် ၅စီး၊ထရပ်၂စီး၊ မြေညှိစက်၃စီး၊အလုပ်သမား၁၀ယောက်။ | ရွှေတူးသည်၊ မြေတူးစက်၇စီး ၊အလုပ်သမား ၇ ယောက် |
| အောက်တိုဘာ ၂၇၊ ၂၀၁၄။ | ရဲ၊မိုင်းလင်းလူကြီးနှင့် တာလေ အုပ်ချုပ်ရေး အရာရှိများ | မိုင်းဆက်တူးနေ။ | သတင်းမရ။ | ရွှေမတူး။ |
| နိုဝင်ဘာ ၇၊ ၂၀၁၄ | နားဟိုင်းလုံရွာသား ၃၅ ယောက်။ | ရွှေတူးနေ၊အလုပ်သမား၁၀ယောက်၊မြေတူးစက် ၃စီး၊ထရပ်၂စီး၊သန့်စင်ကန်တ ခုသုံး၊တခုကိုသုံးရန်ပြင်ဆင် | ရွှေမတူး၊ကန်၃ခုကိုအသုံး ပြု ၊ကန်သစ်၁ခုတူး၊မြေတူးစက် ၁စီးပျက်။ | ရွှေမတူး၊မြေတူးစက်၂စီးရှိနေ ဆဲ။ကန်၆ကန်ကိုသုံးနေ။ |
| ဒီဇင်ဘာ ၁၅၊ ၂၀၁၄ | နားဟိုင်းလုံရွာသား ၂၈ ယောက် | ရွှေဆက်တူး နေ၊ကန်၂ခုကိုသုံး။ | ထရပ် ၂ စီး၊ တူးစက် ၂စီးရှိ၊ နေရာသစ်ကို မတူး။ | တူးခြင်းကိုရပ်၊ စက်ကိရိယာနှင့် ကိုယ်ပိုင်ပစ္စည်းများ ဒေသတွင်း မှ ရွှေ့ |
| ဒီဇင်ဘာ ၁၉၊ ၂၀၁၄ | နားဟိုင်းလုံရွာသား ၂၀ ယောက် | ရွှေတူး၊ခွင့်ပြုချက်ရသည်ဟုရွာ သားများကိုပြော | တူးတာမတွေ့ရ၊သို့သော် စက်ကိရိယာနှင့်ကိုယ်ပိုင် ပစ္စည်းများရှိနေ | ဘာမှမရှိ |
| ဖေဖော်ဝါရီ ၃၊ ၂၀၁၅။ | နားဟိုင်းလုံရွာသား ၇ ယောက် | ရွှေတူး၊ခွင့်ပြုချက်ရသည်ဟုရွာ သားများကိုပြော | ရွှေတူး၊ခွင့်ပြုချက်ရ သည်ဟုရွာသားများကို ပြော | ဘာမှမရှိ |

| | | | | |
|---|---|---|---|---|
| ဖေဖေါ်ဝါရီ ၄၊ ၂၀၁၅ | နားဟိုင်းလုံရွာသား၄၀၊ | ရွှေတူး။ (မှတ်ချက်-ဖေဖေါ်ဝါရီ ၂၄ ရက်နေ့တွင် စိုင်းစိုက်ပျိုးရေးကုမ္ပဏီပိုင် ထရပ်တစီးမိုင်းလုပ်ငန်းခွင် တွင် တိမ်း မှောက် အလုပ်သမား တဦးသေ | ရွှေတူး။ | ဘာမှ မရှိ |
| မေ ၃၊ ၂၀၁၅။ | နားဟိုင်းလုံရွာသား ၅ ယောက် | ရွှေတူး။ | တူးသည်ကိုမမြင်ရ။သို့ သော်စက်ကိရိယာနှင့် ကိုယ်ပိုင်ပစ္စည်းများရှိနေဆဲ။ | ဘာမှ မရှိ |
| မေ ၂၅၊ ၂၀၁၅။ | နားဟိုင်းလုံ ရွာသား ၄ယောက် | ရွှေတူး။ မြေတူးစက် ၄စီး၊မြေညှိစက် ၁စီး၊ ပလပ်စတစ်ပိုက်ရှည် ၆ခု၊ရေစုပ်စက် ၄လုံး၊ သစ်ဖြတ်စက် ၁ခု၊ ထရပ် ၇ စီး၊ သန့်စင် ကန် ၅ ခု။ | တူးတာ မတွေ့ရ။သို့သော် အလုပ်သမားများနှင့် စက်ပစ္စည်းများရှိနေ။ | ဘာမှမရှိ။ |
| ဇွန် ၂၀၁၅။ | နားဟိုင်းလုံရွာသားများ | ရွှေတူးနေသည်ကို နားဟိုင်းလုံ ရွာမှ မြင်နိုင်၊ စိုင်းစိုက်ပျိုးရေးကုမ္ပဏီမှ အလုပ်သမားများရွာသို့ လာဈေးဝယ်၊သူတို့ က ရွှေကိုပုံမှန်တူး နေ သည် ဟုဆို။ | ကန်များထဲသို့ ပလပ်စတစ်ဖျင်အသစ်များခင်း၊နားဟိုင်းလုံ ရွာမှမြင်နိုင်။ အလုပ်သမားများ ရွာသို့လာဈေးဝယ်၊ လွယ်ခမ်းလုံကုမ္ပဏီအတွက်ရွှေတူးသည်ဟု ဆို။ | ဘာမှမရှိ |



မိုင်းလင်းရှိကြောက်မက်ဖွယ် ရွှေဆက်တူးနေမှုသည် ကတိကို ဖေါက်ဖျက်ခြင်းဖြစ်သည်။

ဖြစ်စဉ်အတွင်းရွာသားများသည်ရွှေတူးဖော်နေခြင်းကိုကန့်ကွက်နိုင်ရေးအတွက် သတ္တုတွင်းဂျန်ကြီးစိုင်းအိုက်ပေါင်းနှင့်တွေ့ရန်တောင်ကြီးမြို့သို့ ၂၀၁၄ခုနှစ်နိုဝင်ဘာလ ၁ရက်တကြိမ် ၂၀၁၅မတ်လ ၁၃ရက်နေ့တွင် (၁) ကြိမ်နှင့်မေလ၄ရက်နေ့ တွင်(၁) ကြိမ်ပေါင်းသုံးကြိမ်သွားခဲ့သည်။ အကြိမ်တိုင်းတွင် စိုင်းအိုက်ပေါင်းက ရွှေတူးဖော်ရေးလုပ်ငန်းကိုရပ်တန့်ရန်ဖိအားပေးနေကြောင်း ပြောသည်။

၂၀၁၅ခုနှစ် ဇန်နဝါရီလ ၂၂ရက်နေ့တွင် ရှမ်းပြည်အရှေ့ပိုင်းရှိတာလေသို့အလည်လာသည့် ရှမ်းပြည်နယ်ဂျန်ကြီးချုပ်စိုင်းအောင်မြတ်ကိုရွှေတူးသည့်ကိစ္စကန့်ကွက်ရန်နှင့် ရွာသားများရင်ဆိုင်နေရသောအခက်အခဲကိုတင်ပြရန်နားဟိုင်းလုံရွာသားများတွေ့ခဲ့ကြသည်။ ဂျန်ကြီးချုပ်ကအာဏာပိုင် တွေရွှေတူးဖော်ရေးကိုရပ်ဖို့အမိန့်ပေးပါကရပ်ရမည်ဟုဆိုသည်။ အမိန့်မနာခံသည့်ကုမ္ပဏီကိုတရားဥပဒေကြောင်းအရအရေးယူမည်ဟုပင်ဆိုသည်။

နောက်ဆုံးတွင်စိုင်းအိုက်ပေါင်းကိုယ်တိုင်နားဟိုင်းလုံရွာသို့၂၀၁၅ခုနှစ်မေလ၂ရက်နေ့တွင်ပထမဆုံးအကြိမ်ရောက်လာသည့်ခါသူသည်လွယ်ခမ်းလုံရွှေတူးဖော်ရေးလုပ်ငန်းကိုမတားနိုင်ကြောင်း ရွာသားတို့ကိုပြောသည်။နေပြည်တော်ကရင်းကုမ္ပဏီကိုခွင့်ပြုချက်ဆက်ပေးထားသောကြောင့် ဟုဆိုသည်။ရွာသားများကပြဿနာမလုပ်ရန်လည်းသူကဆိုသည်။သူတတ်နိုင်သလောက်လုပ်ပေးခဲ့သည်ဟုဆိုသည်။



ရွာသူ၊ရွာသားများရွှေတူးရာတောင်သို့သွားရောက်လေ့လာ

၂။ ရေစီးရေလာလမ်းပြုပြင်ရေးကိုထိထိရောက်ရောက်မလုပ်ခြင်း။

တောင်းဆိုချက် - ထိုကုမ္ပဏီသုံးခုသည်နားဟိုင်းလုံရွာ၏လယ်မြေများ၊ရေစီးရေလာလမ်းများကိုရွာသားများကျေ နပ်သည့်အထိပြန်လည်ဖေါ်ထုတ်ပေးရန်။

တုန့်ပြန်ချက် - ကုမ္ပဏီတို့ကရွာနားရှိနမ့်ခမ်းချောင်းကိုခေတ္တရေကြောင်းလွှဲပြောင်းပေးခဲ့သည်။ သို့သော်မိုးရွာသွန်းမှု၊မိုင်းမှစွန့်ပစ်ပစ္စည်းများထုတ်လွှတ်နေမှုတွေကရေကိုညစ်ညမ်းစေသည်။







ရေချောင်းကမ်းပါးယံများပြိုကျပျက်စီး

စိုင်းအိုက်ပေါင်းကကုမ္ပဏီများကိုမြေနှင့်ရေစီးရေလာလမ်းပြန်လည်ထိန်းသိမ်းရန်အမိန့်ထုတ်ပြီး နောက်ကုမ္ပဏီများကနမ့်ခမ်းချောင်း၏ပေ(၄၄၀၀)ရှည်သည့်အပိုင်းကိုနားဟိုင်းလုံရွာဘေးနားသို့ ရွှေ့ခါနမ့်လင်းချောင်းထဲသို့စီးဝင်စေရန်သဘောတူသည်။ထိုလုပ်ငန်းအတွက်စိုင်းတစ်နှင့် လွယ်ခမ်းလုံက(၄၀%)စီနှင့်စိုင်းစိုက်ပျိုးရေးက(၂၀%)ရေကြောင်းထိန်းသိမ်းရေးကိုတာဝန်ယူ ရန်သဘောတူသည်။ဤသို့ခွဲဝေခြင်းမှာလုပ်ကွက်ပေါ်မူတည်၍ခွဲဝေခြင်းဖြစ်သည်။ စိုင်းတစ်နှင့်လွယ်ခမ်းလုံကုမ္ပဏီကလုပ်ကွက်၄ခုစီရှိပြီး၊စိုင်းစိုက်ပျိုးရေးကလုပ်ကွက်၂ခုသာရှိသည်။

ဖြစ်ရပ်မှန်မှာကုမ္ပဏီသုံးခုသည်နမ့်ခမ်းချောင်း၏ပေ ၂၀၀၀ကိုသာဆယ်ခဲ့သည်။ ချောင်းကြမ်းပြင်မှသဲများကိုချောင်းဘေးတဘက်တချက်တွင်ပုံထားသည်။မိုးရွာပြီးသောအခါ၎င်းသဲတို့မှာချောင်း၏ ကြမ်းပြင်သို့တဖန်မျောဆင်းသွားကြသည်။ထို့အပြင်သူတို့သည်ရွာတွင်းရှိလမ်းများကိုတစ်ရက်မျှသာပြုပြင်ကြသည်။သူတို့သည်အဓိကလမ်းမကြီးဖြစ်သည့်နားဟိုင်းလုံမှတာလေသို့သွားလမ်းကို လည်းမပြုပြင်ပေးသည့်အပြင်ပျက်စီးသွားသည့်ငါးကန်များကိုမျှပြန်မတူးပေး ချေ။

အောက်ပါပုံစံဇယားမှာကုမ္ပဏီသုံးခုကနမ့်ခမ်းချောင်းကိုတူးရာတွင်ပါဝင်သည့်အချိန်ဇယားကိုရွာသားများကစောင့်ကြည့်မှတ်သားထားခြင်းဖြစ်သည်။

| ကုမ္ပဏီ | ၂၀၁၄ | | | | | ၂၀၁၅ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဩဂုတ် | စက် | အောက် | နို | ဒီ | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် |
| လွယ်ခမ်းလုံ | နှစ်ပတ်ခန့် | | | | | | တစ်လလုံး | တစ်ပတ် | | | | |
| စိုင်းစိုက်ပျိုးရေး | ၄ - ၅ ရက် | | | | | | တစ်လလုံး | ၃ ရက် | | | | |
| စိုင်းတစ် | | | | | | | တစ်လလုံး | နှစ်ပတ် | | | ၃ ရက် | |






စိုင်းဆာလူ နားဟိုင်းလုံ သို့လည်ပတ်

ကုမ္ပဏီတို့၏ လုပ်ငန်း အသေးစိပ်

၂၀၁၄ခုနှစ် ဩဂုတ်လ၇ရက်နေ့တွင်လွယ်ခမ်းလုံနှင့်စိုင်းစိုက်ပျိုးရေးကုမ္ပဏီတို့မှ မြေညှိစက် နှစ်စီး ရွာထဲသို့ယူလာခါရွာထဲမှလမ်းကိုပြင်သည်။ချောင်းကိုလည်းဖေါ်သည်။၄ရက်၅ရက်ခန့် ချောင်းကို ဖေါ်ပြီးနောက်၂၀%လုပ်ငန်းပြီးပြီဟုစိုင်းစိုက်ပျိုးရေးကုမ္ပဏီမှဆိုခါမြေညှိစက်ကို ရွှေတွင်းများရှိရာ တောင်ကုန်းများ ဘက်ယူသွားကြသည်။

၂၀၁၄ခုနှစ် ဩဂုတ်လ၁၄ရက်နေ့တွင် မိုးသည်းထန်စွာရွာသဖြင့်ကုတ်တင်ထားသော သဲများ ချောင်းထဲပြန်ကျသွားသည်။ထိုနောက်လွယ်ခမ်းလုံကုမ္ပဏီမှမြေညှိစက်ဖြင့်ချောင်း ကိုဩဂုတ်လ၂၅ရက်အထိ ပြန်ဖေါ်သည်။ ထိုနောက်မြေညှိစက်ကိုရွှေတူးရာနေရာသို့ပြန်ယူ သွားသည်။

၂၀၁၄ခုနှစ် စက်တင်ဘာလ၁၇ရက်တွင် မိုးရွာပြီးနောက် ချောင်းမှာသဲများ ၊ငင်းရွှေတူးဖော် ရေးမှစွန့်ပစ်သေအညစ်အကြေးများဖြင့်ပိတ်ဆို့နေသည်။ရေများချောင်းဘေးသို့လျှံကျခါ ရေ လွှမ်းမိုးနေသည်။ချောင်းကိုပြန်ဖေါ်ရန်လွယ်ခမ်းလုံကုမ္ပဏီရောစိုင်းစိုက်ပျိုးရေးကုမ္ပဏီ ကပါ ၂၀၁၄ခုနှစ်တွင်ချောင်းဖေါ်ရန်မလာတော့ပေ။စိုင်းတစ်ကုမ္ပဏီမှာ၂၀၁၄ခုနှစ်တစ်လျှောက် လုံးချောင်းဖေါ်သည့်အလုပ်ကို မလုပ်ခဲ့ချေ။



သတ္တုဝန်ကြီး စိုင်းအိုက်ပေါင်း နားဟိုင်းလုံကိုလည်ပတ်

၂၀၁၅ခုနှစ်၊ဇန်နဝါရီလ ၂၉ရက်နေ့တွင်ရှမ်းပြည်နယ်စိုက်ပျိုးရေးဝန်ကြီးဖြစ်သူ စိုင်းဆာလူသည် နားဟိုင်းလုံပတ်ဝန်းကျင်ကိုလှည့်လည်ကြည့်ရှုပြီးပျက်စီးသွားသော လယ်မြေနှင့်ရေစီးကြောင်းတို့ကိုပြင်ရန်ကုမ္ပဏီတို့အားအမိန့်ပေးခဲ့သည်။ရွာသားနှင့်ဌာနဆိုင်ရာများကိုလည်းကုမ္ပဏီတကယ် လုပ်မလုပ်စောင့်ကြည့်ရန်ကော်မတီဖွဲ့ဖို့ပြောခဲ့သည်။

ထိုနေ့တွင်လွယ်ခမ်းလုံနှင့်စိုင်းစိုက်ပျိုးရေးတို့မှအလုပ်သမားများလာခါချောင်းကိုထပ်ဆယ်ကြသည်။ချောင်းကမ်းပါးကိုသစ်သားတိုင်များစိုက်၍ရွာဘက်ကိုရေမတိုက်စားရန်အကာအကွယ်လုပ်ပေး သည်။ထိုအလုပ်ကိုတစ်လခန့်လုပ်သည်။

စိုင်းတစ်ကုမ္ပဏီကိုလည်းကတိအတိုင်းချောင်းဆယ်ရေးလုပ်ငန်းဆက်လုပ်ရန်စိုင်းဆာလူက ၂၀၁၅ခုနှစ် ဇန်နဝါရီ၃၀ရက်နေ့တွင် ပထမအကြိမ်အမိန့်ပေးခဲ့သည်။ စိုင်းတစ်ကုမ္ပဏီသည် မြေညှိစက်တစီးယူလာခါ နမ့်ခမ်းချောင်း၏အောက်ပိုင်းကိုမတ်လ၁၅ရက်အထိဆယ်သည်။







သတ္တုဝန်ကြီး စိုင်းအိုက်ပေါင်း နားဟိုင်းလုံကိုလည်ပတ်

မတ်လ ၂၃ရက်နေ့တွင်လွယ်ခမ်းလုံကုမ္ပဏီသည်ချောင်းအထက်ပိုင်ရှိသဲများကိုတစ်ပတ်ခန့်အထိ ဆယ်သည်။စိုင်းစိုက်ပျိုးရေးကုမ္ပဏီသည်လည်းချောင်းအထက်ပိုင်းကိုမတ်လ၂၆ရက်မှသုံးရက်ခန့်လုပ်ခဲ့သည်။နမ့်လင်းချောင်းထဲသို့ရေလမ်းကြောင်းဟောင်းအတိုင်းသွားရန်သူတို့သည်ရေ လွှဲမြောင်းကိုပိတ်လိုက်သည်။ထိုကြောင့်မေလ၁၆ရက်တွင်တူးဖော်ခဲ့သည့်နေရာသည်မူလအတိုင်း ပြန်ဖြစ်သွား သည်။

၂၀၁၅ခုနှစ် ဖွန်၅ရက်နေ့တွင် စိုင်းတစ်ကုမ္ပဏီသည် ချောင်းအထက်ပိုင်းကိုပြန်လာ၍ ဖွန်လ ၇ရက်နေ့အထိသဲများကိုတူးထုတ်သည်။ဇူလိုင်၂၂ရက်နေ့တွင်လွယ်ခမ်းလုံကုမ္ပဏီမှချောင်း အခြေအနေကိုလာကြည် သော်လည်း ဘာမှမလုပ်ဆောင်ချေ။

၃ - ပျက်စီးသောလယ်များအတွက် လျော်ကြေး တချို့သာရ။

တောင်းဆိုချက် - ပျက်စီးသွားသောလယ်တစ်ဧကအတွက်ထိုကုမ္ပဏီများမှ(၆၆၀၀၀၀) ကျပ်လျော်ကြေးပေးရန်။

တုန့်ပြန်ချက်- ကုမ္ပဏီသုံးခုသည်(၁၆၈.၄၅)ဧကအတွက်သာလျော်ကြေးပေးသည်။ရွှေတူးဖော်ရေးလုပ်ငန်း ကြောင့် သုံးမရတော့သောတခြားလယ်ဧက(၁၃၂)တို့အတွက်မပေးချေ။

၂၀၁၄ခုနှစ်၊ဩဂုတ်လ၈ရက်နေ့တွင် တာလေမြို့နယ်အုပ်ချုပ်ရေးအရာရှိ ဦးအေးမင်းထွန်းနှင့် မြေစာရင်းဂန်ထမ်းအောင်ကိုလတ်ဆိုသူ၊နားဟိုင်းလုံရွာလူကြီးတို့နှင့် ကုမ္ပဏီမှ ကိုယ်စားလှယ်တို့သည် ပျက်စီးသွားသောလယ်မြေတို့ကိုကြည့်ရှုစစ်ဆေးတိုင်းတာကာ ၄ ရက်ကြာ သည်။သူတို့ကပျက်စီးသည့်လယ်ဧက(၃၀၀)ထဲတွင်(၁၆၈.၄၅)ဧကမှာရွှေတူးဖော်မှုမှစွန့်ပစ်သည့် အရာများကြောင့်တိုက်ရိုက်ထိခိုက်သည်။ကျန်(၁၃၂)ဧကမှာမိုင်းကြောင့်တိုက်ရိုက်ထိခိုက်ခံရခြင်း မဟုတ်ဘဲရေလမ်းကြောင်းပိတ်ဆို့မှုကြောင့် စိုက်ပျိုး၍မရ ဖြစ်ရသည်ဟုဆိုသည်။






လူနှင့်တိရိစ္ဆာန်ကိုပြင်းထန်စွာအန္တရယ်ပြုနိုင်သောရွှေသန့်စင်ရာတွင်အသုံးပြုသည့် ဆိုက်ရာနိုက်



မိုင်းလင်းရှိကြောက်မက်ဖွယ် ရွှေဆက်တူးနေမှုသည် ကတိကို ဖေါက်ဖျက်ခြင်းဖြစ်သည်။

ကုမ္ပဏီသုံးခုသည် ၂၀၁၄ခုနှစ် ဒီဇင်ဘာလ၆ရက်ကျော်လွန်မှ သာ(၁၆၈.၄၅)ဧကအတွက် တစ်ဧကကို(၆၆၀၀၀၀)ကျပ်နှုန်းဖြင့်သုံးပုံတပုံစီပေးသည်။လွယ်ခမ်းလုံနှင့်စိုင်းတစ် ကုမ္ပဏီက (၅၆.၁၅)ဧကအတွက်ဒီဇင်ဘာလ၆ရက်နေ့တွင်အပြည့်ပေးသည်။စိုင်းစိုက်ပျိုးရေးကုမ္ပဏီကသုံး ရစ်ခွဲ၍ ၂၀၁၄ခုနှစ်၊ဒီဇင်ဘာလ၆ရက်၊၂၀၁၅ခုနှစ် ဇန်နဝါရီလ၆ရက်၊ ဖေဖော်ဝါရီလ ၆ရက်တို့တွင် ပေးခဲ့သည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၆ရက်နေ့ လျော်ကြေးပေးသည့်နေ့တွင် တာချီလိတ်မြို့နယ်အရာရှိဦးထွန်းထွန်းဝင်းက သူတို့သည်ငါးကန်များနှင့်ကျန်လယ်ယာများအတွက်ထပ်ပေးရန်ကွင်းဆင်းစစ်ဆေးပေးမည်၊တစ်ပတ်အတွင်းလာရောက်စစ်ဆေးတိုင်းထွာမည်ဟုဆိုသည်။



ရွှေတူးဖော်ရေးမှအညစ်ကြေးကြောင့်ပျက်စီးဆုံးရှုံးသွားသောလယ်ကွင်းပြင်

၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၁၈ရက်နေ့တွင် တာလေမြို့နယ်အုပ်ချုပ်ရေးအရာရှိ ဦးစောလွင်ထွန်းနှင့် တခြားအစိုးရအရာရှိများ၊ကုမ္ပဏီကိုယ်စားလှယ်များလာ၍ ကျန်ရှိသောလယ်မြေများကိုတိုင်းတာပြီး အထက်သို့တင်ပြမည်ဟုဆိုသည်။သူတို့ကပျက်စီးသွားသောငါးကန်(၆)ခု အတွက် လျော်ကြေး ပေးလိမ့်မည်ဟု လည်းဆိုသည်။

၂၀၁၅ခုနှစ်၊ဇန်နဂါရီလ ၂၉ရက်နေ့တွင်ရှမ်းပြည်နယ်စိုက်ပျိုးရေးဝန်ကြီးစိုင်းဆာလူသည်ရွာနားရှိ လယ်မြေများကိုကြည့်ရှုခါ၊တိုက်ရိုက်ထိခိုက်မှုမရှိသောလယ်မြေများကိုရွာသားများပြန်လည် စိုက်ပျိုးနိုင် ရေးအတွက် ရေနုတ်မြောင်းတူးပေးရန် ကုမ္ပဏီတို့အားအမိန့်ပေးမည်ဟုဆိုသည်။ ထိုလယ် မြေတို့အတွက် လျော်ကြေးရရန်မမျှော်လင့်ကြရန်လည်း သူကပြောသည်။ ရေနုတ်မြောင်းတူးပေးသော်လည်း နမ့်ခမ်းချောင်းမှ ရေများသည် သဲများပြီး အလွန်ညစ်ညမ်းနေသဖြင့် စိုက်ပျိုး၍မဖြစ်နိုင်ကြောင်း ရွာသားများက ပြောသည်ကို ၎င်းက ဂရုမပြု ချေ။

၂၀၁၅ခုနှစ်၊မတ်လ ၁၂ရက်နေ့တွင်တာချီလိတ်အုပ်ချုပ်ရေးမှူးဦးထွန်းထွန်းဝင်းသည် ကျေးရွာ ပြန်လည်ပြုပြင်ရေးလုပ်ငန်းကိုလာရောက်ကြည့်ရှုပြီးရွာသားများလျော်ကြေးရသည်မှာကံကောင်း ကြောင်းရွှေတူးဖော်ရေးလုပ်ငန်းမှတိုက်ရိုက်မထိခိုက်သည့် လယ်မြေများတွင်စိုက်ပျိုးကြရန်နှင့် နောက်ထပ်လျော်ကြေးရရန်မျှော်လင့်မထားဖို့ပြောဆိုသည်။ နောက်ဆုံး၂၀၁၅ခုနှစ်၊မေလ ၂၈ရက်နေ့တွင်သစ်တောနှင့်သတ္တုတွင်းဝန်ကြီးစိုင်းအိုက်ပေါင်းသည် မြို့နယ်အရာရှိများနှင့်အတူနားဟိုင်းလုံရွာသို့လာလည်သည်။သူကလျော်ကြေးများ ထပ်ရရန်မမျှော်လင့်ဖို့ပြောသည်။သူကရွာသားများသည်လျော်ကြေးရရန်ရည်ရွယ်၍လယ်မြေကိုမစိုက်ပျိုးပဲပစ်ထားခဲ့သည်ဟုအပြစ်တင်သည်။လယ်ကိုပြန်စိုက်ခိုင်းသည်။သူကရပ်ရွာအမျိုးသမီးခေါင်းဆောင်နန်းလှကိုလည်းလျော်ကြေးမှအမြတ်ထုတ်သည်၊ရွာသားများစိုက်ပျိုးခြင်းကိုတားဆီးသည်ဟုဆိုသည်။ရဲကိုဖမ်းခိုင်းပြီးစစ်ဆေးမည်ဟုခြိမ်းခြောက်သည်။

ကုမ္ပဏီများကရေသွယ်မြောင်းအသစ်တူးပေးရန်ငြင်းဆန်သည်။သူတို့တာဝန်မဟုတ်ဟုဆိုသည်။ ပျက်စီးသွားသောငါးကန်များအတွက်လျော်ကြေးလည်းမပေးချေ။



မိုင်းလင်းရှိကြောက်မက်ဖွယ် ရွှေဆက်တူးနေမှုသည် ကတိကို ဖေါက်ဖျက်ခြင်းဖြစ်သည်။

## ရွာလူထုသွေးကွဲရန်ကုမ္ပဏီကကြိုးပမ်းသည်။

ကုမ္ပဏီတို့သည်ရွာသားတောင်းဆိုချက်ကိုအပြည့်အဝမလိုက်လျောရုံသာမကကျေးရွာလူထုကို သွေးခွဲပြီးသူတို့၏ရွှေတူးဖော်ရေးလုပ်ငန်းကိုထောက်ခံလာရန်စည်းရုံးသည်။

၂၀၁၄ခုနှစ်၊မေလတွင်ရွှေတူးသည့်ကုမ္ပဏီတို့သည်ရွာသားများတောင်းဆိုထားသည့်အချက်များမှ ရုတ်သိမ်းရန်ရွာသားတို့ကိုကြိုးပမ်းကြည့်သည်။သူတို့ကရွာသားများသည် ရွှေတူးဖော်ရေးကုမ္ပဏီမှ ဖွံ့ဖြိုးရေးအကူအညီရရှိသောကြောင့်ရွှေတူးမှုကိုဆက်လက်တူးရန်လိုလားကြောင်းရှမ်းပြည်နယ် လွှတ်တော်သို့လက်မှတ်ထိုးစာတင်ရန်တိုက်တွန်း သည်။

၂၀၁၄ခုနှစ်၊နိုဝင်ဘာလ၁၃ရက်နေ့တွင်ရွာသား(၇)ဦးကိုကုမ္ပဏီများမှစည်းရုံး၍တောင်ကြီးသို့သွားစေခါရွှေတူးဖော်ရေးရပ်တန့်ရေးအမိန့်ကိုပယ်ဖျက်ပေးရန်တောင်းဆိုခိုင်းသည်။ ကံအားလျော်စွာ ရွှေတူးဖော်ရေးလုပ်ငန်းကိုဆန့်ကျင်သည့် တခြားလူမှုအဖွဲ့အစည်းမှခေါင်းဆောင် များကို စိုင်းအိုက်ပေါင်းကတောင်ကြီးသို့ခေါ်ယူလိုက်သောကြောင့်သူ၏ရွှေတူးဖော်ရေးရပ်တန့်ရေးအမိန့်ကိုဆက်လက်ထားရှိနိုင်ခဲ့သည်။

မည်သို့ပင်ဖြစ်စေကုမ္ပဏီတို့ကရွာသားများသွေးကွဲရန်ဆက်လက်လုပ်ဆောင်ကြသည်။ ရွှေတူးဖော်ရေးဆန့်ကျင်ရေးလူထုခေါင်းဆောင်များကိုရည်ရွယ်လုပ်ဆောင်သည်။၂၀၁၅ခုနှစ်ဧပြီလ၂၄ရက် တွင်နားဟိုင်းလုံရွာသားသုံးယောက်ကတာချီလိတ်အုပ်ချုပ်ရေးရုံးသို့ ၂၀၁၄ ခုနှစ်ဇူလိုင်လတွင် တောင်းဆိုချက်များ( ရွှေတူးဖော်မှုရပ်တန့်ရေး)သည်ရွာများ၏တကယ့်သဘောထားအမှန်မဟုတ်ကြောင်းစာရေးခဲ့သည်။သူတို့ကဒေသခံသားဖွားဆရာမ နန်းလှဦးဆောင်သည့်ရွာသားများသည်လျော်ကြေးတို့ကိုမျှမျှတတမဝေပေးကြောင်း၊ရွှေတူးဖော် ရေးလုပ်ငန်းဆက်လက်လုပ်ဆောင်သင့်ခါကျေးရွာများဖွံ့ဖြိုးရေးအတွက်အထောက်အကူ ရနိုင်မှာ ဖြစ်ကြောင်းရေးထားသည်။

၂၀၁၅ခုနှစ်၊မေလ၁၆ရက်တွင် ဟိုင်းလုံရွာသားသုံးယောက်သည် တာချီလိတ်အုပ်ချုပ်ရေးရုံးသို့ ဧပြီလ၂၄ရက်နေ့က ရေးသည့်စာမျိုးနောက်တစ်စောင်ထပ်ရေးခဲ့သည်။ ရွှေတူးဖော်ရေးလုပ်ငန်းကို ရပ်တန့်ရန်ကြိုးပမ်းသောကြောင့်နန်းလှကိုအရေးယူရန်လည်းအထူးပြုရေးထားသည်။

## နားဟိုင်းလုံရွာတွင် ကျန်းမာရေး အခြေအနေဆိုးဝါးလာခြင်း။

ရွှေများဆက်တူးနေသောကြောင့်ရွာသားများသည်ယခင်အတိုင်းဝေဒနာဆက်ခံစားနေရသည်။ဧက(၃၀၀)ရှိလယ်မြေများ၊ဥယျာဉ်နှင့်ငါးကန်များသည်အသုံးမပြုနိုင်ဘဲဖြစ်နေဆဲဖြစ်သည်။ရေအရင်း အမြစ်ဖြစ်သည့် နမ့်ခမ်းချောင်းမှာ သဲနုံးများ ဖုံးလွှမ်းခါ ညစ်ညမ်းပြီး သုံး၍မဖြစ်တော့ပေ။ အဆိုးဝါးဆုံးမှာ ရွှေတူးဖော်ရေးလုပ်ငန်းမှ စွန့်ပစ်သော အဆိပ်ရည်များကြောင့် ကိုယ်ဝန်သည်များ ကို အထူးထိခိုက်စေပါသည်။

၂၀၁၃ ခုနှစ်တွင် ရွာတွင်းကလေးသုံးယောက်မွေးပါသည်။နှစ်ယောက်မှာသာမန်ဖြစ်သော်လည်း တစ်ယောက်မှာအသေမွေးဖွားလာသည်။၂၀၁၄ခုတွင် ကိုယ်ဝန်ရှိရွာသူနှစ်ဦးတွင် တစ်ဦးမှာ ကိုယ်ဝန်သုံးလနှင့် ပျက်ကျရပြီး၊နောက်တစ်ဦးမှာ အလေးချိန်မပြည့်သောကလေးကိုမွေးဖွါးသည်။

၂၀၁၅ခုနှစ်ပထမပိုင်းတွင်ရွာရှိအမျိုးသမီးနှစ်ယောက်ကမီးဖွါးသည်။ကလေးနှစ်ယောက်လုံးအလေးချိန်မပြည့်ကြ။တစ်ယောက်မှာတစ်ကီလိုနှစ်စိပ်မွေးပြီးမကြာမီဆုံးသည်။





## နိဂုံးနှင့် တောင်းဆိုချက်များ

ရွှေတူးဖော်ရေးလုပ်ငန်းဆက်လက်လုပ်နေခြင်းကြောင့် နားဟိုင်းလုံရွာသားများ၏ ကျန်းမာရေးနှင့် လူမှုဘဝကိုထိခိုက်နစ်နာနေကြ၍ သူတို့ကမူလတောင်းဆိုချက်များကို ထပ်မံအတည်ပြုခါ လျော်ကြေးငွေကို တိုးမြှင့်တောင်းဆိုလိုက်သည်။

၁။ကုမ္ပဏီများရွှေတူးဖော်ခြင်းမှလုံးဝရပ်ဆိုင်းပြီးတူးဖေါ်ရာဒေသရှိဝင်းတို့၏ပစ္စည်းအားလုံးရွှေ့ပေး ရန်။

၂။ကုမ္ပဏီများသည်နားဟိုင်းလုံရွာ၏လယ်မြေများ၊ရေစီးရေလာလမ်းများကိုရွာသားများကျေနပ် သည့်အထိပြန်လည်ထိန်းသိမ်းဖေါ်ထုတ်ပေးရန်။

၃။ ပျက်စီးသွားသောလယ်ဧက(၃၀၀)စလုံးအတွက် ထိုကုမ္ပဏီများမှ တစ်ဧက(၆၆၀၀၀၀)ကျပ်နှုန်း ဖြင့်နှစ်တိုင်းလျော်ကြေးပေးရန်။မြေများမှာလုံးဝသုံးမရသောကြောင့်မြေတန်ဖိုးကိုလည်းလျော်ပေး ရန်။

၄။နားဟိုင်းလုံရွာသားတို့သည် လုံးဆမ်အသတ်ခံရမှုနှင့်ပတ်သက်သည့် တာဝန်ရှိသူတိုင်းကို တရား ဥပဒေအတိုင်းအပြစ်ပေးရန်တောင်းဆိုကြသည်။

ရွာသားများကဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုဖက်ဒရာရယ်ဆိုင်ရာတိုင်းနယ်ပြည်နယ်အလိုက်အာဏာခွဲဝေရေးအတွက်ပြင်ဆင်ပေးရန်တောင်းဆိုသည်။သို့မှသာရွှေတူးဖော်ရေး လုပ်ကွက်ခွင့်ပြုချက်နှင့် တခြားသဘာဝအရင်းအမြစ်ထုတ်ယူခြင်းများကို နေပြည်တော်က ဆုံးဖြတ်နိုင်တော့ မည်မဟုတ်ပေ။

နိဂုံးအားဖြင့်ရွာသားများကမြန်မာပြည်တပြည်လုံးရှိရွှေတူးဖော်ရေးလုပ်ငန်းများတွင် အွန္တရာယ် များသည့်ဆိုက်အာနိုက်နှင့်တခြားဓါတုအဆိပ်ပစ္စည်းများအသုံးမပြုရန်တောင်း ဆိုလိုက်သည်။

## ဗမာစစ်အစိုးရစစ်သားမှ လုံးဆမ်အားပစ်သတ်ရာပြအချိန်ဇယား

| နေ့စွဲ | ဖြစ်စဉ် |
|---|---|
| အောက်တိုဘာ၁၃၊၂၀၁၅ | နံက်ဂနာရီတွင်အသက်၅၄ရှိလုံဆမ်အပါအဝင်နားဟိုင်းလုံ့ရွာသား၁၅ယောက်တို့သည်ရွာဘုန်းကြီးကျောင်းတွင်တွေ့ဆုံကြပြီးနောက်လွယ်ခမ်းလုံရွှေတူးဖော်ရေးရှိရာသို့လမ်း လျှောက်တက်သွားကြသည်။ပထမဦးစွာသူတို့သည်တခြားရွှေတူးဖော်ရေးတွေ၏အရှေ့ဘက်တွင်ရှိသောရွှေတောင်ကုမ္ပဏီ၏အသစ်တူးနေသည့်ရွှေတူးဖော်တောင်ကိုသွားလှည့်ကြည့်သည်။ထိုနေရာသည်ရွာသောက်သုံးရေထွက်ရှိရာနေရာဖြစ်၍သူတို့ကစိုးရိမ် ပူပန်သဖြင့် သွားကြည့်ခြင်းဖြစ်သည်။ ထိုနောက်သူတို့သည် စိုင်းစိုက်ပျိုးရေး ရွှေတူးဖော်ရေးနေရာကို ပြန်သွားခါ ထိုနေရာတွင် တွင်သူတို့ ယူဆောင်လာသည့် ထမင်းထုတ်များကို နေ့လည်စာ အဖြစ်စားကြသည်။ စားပြီးသောအခါ ရွာသားသုံးယောက်က အိမ်ပြန်သွားသည်။ ကျန်လူတို့က လွယ်ခမ်းလုံကုမ္ပဏီပိုင် ရွှေတူးဖော်ရေးဘက်သို့ဆက်လက်တက်သွားကြသည်။<br><br>မွန်းလွဲ ၁ နာရီတွင် ရွာသား ၁၂ ယောက်သည် လွယ်ခမ်းလုံမိုင်း၏ ပိုမြင့်သည့် အပိုင်းကိုတက်ရန်သွားစဉ် ကုမ္ပဏီမန်နေဂျာဦးမင်းမင်းထွန်းက သူတို့ကို တားဆီးခဲ့သည်။ ခြိမ်းခြောက်သည်။ " အပေါ်ကိုမသွားနဲ့ ဗမာစစ်သားတွေ ခင်ဗျားတို့ကိုသေနတ်နဲ့ ပစ်လိမ့်မယ်။" လို့ပြောသည်။ စစ်သား ၇/ ၈ ယောက်လည်း တောင်ပေါ်မှာစောင့်နေတာတွေ့ရသည်။ ရွာသားများက အိမ်ပြန်ရန် ဆုံးဖြတ်လိုက်သည်။လမ်းအောက်ဖက်သို့ အနည်းငယ်သာ သွားလိုက်စဉ် ကုမ္ပဏီပိုင်ရှင်ဆောင်ဂျူးက ပစ်ခိုင်းသံကို ကြားလိုက် ရပြီး ဗမာစစ်သားများက သေနတ်များဖြင့် ပစ်တော့သည်။ ရွာသားများလည်းအလန့်တကြားလမ်းဘေးရှိ မြောင်းထဲသို့ ဆင်းခါ အကာအကွယ်ယူလိုက်ကြသည်။ လုံဆန်မှာမူဒူးကိုကျည် ဆန်မှန်သည်။<br><br>တခြားရွာသားကသူ့ကိုကူရန်ကြိုးစားရာ လုံဆမ်က ဂပ်နေရန်သာပြောသည်။ တခြားရွာသား ၅ ယောက်မှာကျည်ဆန် မထိသော်လည်း ရေမြောင်းထဲ ခုန်ချရသဖြင့် အနည်းငယ်သာ ထိခိုက်ကြသည်။ပစ်ခတ်မှုမှာ နာရီဂက်ခန့်ကြာသည်။ ၁း၃၀တွင် စစ်သားတို့က ရွာသားများရှိရာ သို့ လက်ပစ်ဗုံးတလုံးပစ်သည်။<br><br>မွန်းလွဲ ၂ နာရီတွင် ရွာသား ၁၂ ယောက်တည်းမှတယောက်ကအောက်တွင်ရှိသောနားဟိုင်းလုံ့ရွာရှိရွာသားများကိုဖုန်းဆက်ပြီး မိုင်းလင်းအုပ်ချုပ်ရေးအရာရှိနှင့် ရဲထံအကြောင်းကြားရန်ပြောသည်။<br><br>မွန်းလွဲ ၃ နာရီတွင် တောင်ပေါ်တက်သည့်ရွာသားများ ပြန်ရောက်လာကြသည်။ သူတို့ကိုဒေသခံထောက်လှန်းရေးနှင့် ပြည်သူ့စစ်တို့ကလာခေါ်သွားပြီးနားဟိုင်းလုံရွာသို့ပြန်ပို့သည်။ ခမရ (၃၁၆) မှ  တပ်မှူးကလုံးဆန်ကိုသွားခေါ်ပြီးဆေးရုံပို့ရန်ပြောသည်။<br><br>ညနေ ၅း၃၀ တွင် နားဟိုင်းလုံမှရွာသားများ လုံဆမ်ကိုကြည့်ရန်တာလေဆေးရုံသို့ သွားကြသည်။ လုံဆန်ကို မိုင်းဖြတ်ရှိစစ်ဆေးရုံသို့ ပို့မည်ဟုဆိုသည်။ ရွာသားတို့သည်ဆေးရုံတွင်ရှိနေကြသော်လည်း လုံဆမ်ကိုတွေ့ခွင့်မပြုချေ။<br><br>ည ၈ နာရီတွင် ဒေသခံပြည်သူ့စစ်ကလုံးဆမ်ဆုံးပြီဟုဖုန်းဆက် ပြောသည်။ လုံဆန်သားနှင့် ရွာသားတို့ လုံဆမ်အလာင်းကို ကြည့်ရန် မိုင်းဖြတ်ဆေးရုံသို့ သွားကြသည်။ သို့သော်သူတို့ကို ကြည့်ခွင့်မပြုခဲ့။ |
| အောက်တိုဘာ ၁၄၊၂၀၁၅ | နံက်စောစောမှ ညနေ ၄း၃၀ တွင် ရွာသားများကဆေးရုံတွင်လုံးဆမ်အလောင်းကို ကြည့်ရန်စောင့်သော်လည်းခွင့်မပြုခဲ့ချေ။ လုံဆမ် ၏အလောင်းကိုရွာပြန်ယူပြီး သဂြိုလ်ရန် တိုင်းမှူးကအခွင့်မပြုကြောင်းရွာသားတို့ကိုပြောသည်။မိုင်းဖြတ်မှာပင်သဂြိုလ်ချင်သလား၊ စစ်တပ်ကသဂြိုလ်ပေးရမလားမေးသည်။<br><br>ညနေ ၄း၃၀ တွင် နောက်ဆုံး၌ စစ်ဆေးရုံရေခဲတိုက်တွင် လုံဆမ်အလောင်းကို မြင်ရသည်။ |
| အောက်တိုဘာ ၁၅၊၂၀၁၅ | နံက် ၉ နာရီတွင် လုံးဆမ်၏အလောင်းကိုမိုင်းဖြတ် စစ်ဆေးရုံမှ မိုင်းဖြတ်ပြည်သူ့ဆေးရုံသို့ယူသွားသည်။ ဆေးရုံဂန်ထမ်းက အလောင်းကိုစစ်ဖက်၊ရဲနှင့် ရွာသားများရှေ့တွင်စစ်ဆေးသည်။သေဆုံးရခြင်းကြောင်းမှာဒူးခေါင်းတွင်မှန်သောဒဏ်ရာ ကြောင့် သွေးထွက်လွန်ပြီးဆုံးရခြင်းဖြစ်သည်။ |



မိုင်းလင်းရှိကြောက်မက်ဖွယ် ရွှေဆက်တူးနေမှုသည် ကတိကို ဖေါက်ဖျက်ခြင်းဖြစ်သည်။

| | |
|---|---|
| | နံက်၁၁နာရီတွင် မိုင်းဖြတ်တပ်မမှူးကရွာသားတို့ကိုခေါ်ပြီး၊အလောင်းကိုရွာသို့ ယူ၍ သင်္ဂြိုလ်နိုင်ကြောင်း ၊ လုံးဆမ်မှာလက်နက်ပါပြီးပစ်သောကြောင့်သဖြင့် သူ့ကို ပြန်လည်ပစ်ရ ကြောင်း နှင့် သက်သေကျည်ဆန်ရှိသည်ဟုပြောသည်။<br><br>မွန်းလွဲ ၁၂း ၆ မိနစ်တွင် လုံးဆမ်အလောင်းကိုမိုင်းဖြတ်မှ ယူလာသည်။ မွန်းလွဲ ၁း၂၀တွင် လုံးဆမ်အလောင်း နားဟိုင်းလုံရွာသို့ရောက် သော် လည်း နေ့ကောင်းမဟုတ်သောကြောင့်နောက်တနေ့မှသင်္ဂြိုလ်ရန်မသင့်ဟုရွာသားများက ယူဆသောကြောင့်ရွာသားတဦးကစစ်တပ်ကတပ်မှူးထံနောက်နေ့မှသင်္ဂြိုလ်ခွင့် ကိုတောင်းခံ သည်။တပ်မှူးကခွင့်ပြုသည်။ သို့သော် " သတင်းမဖြန့်ရ၊ ဓါတ်ပုံမရ၊ ဒါကိုဘယ်သူမှ မပြောရ။" ဟုဆိုသည်။ |
| အောက်တိုဘာ ၁၆၊၂၀၁၅ | မွန်းလွဲ ၁ နာရီတွင် လုံးဆမ်မိသားစု၊ ရွာသားများနှင့် ရှမ်းအမျိုးသားများဒီမိုကရေစီ အဖွဲ့ချုပ် ( SNLD) မှ အလောင်းကိုသုဿန်သို့ ယူခါ သင်္ဂြိုလ်ပြီးစီးခဲ့သည်။ |
| အောက်တိုဘာ ၁၇၊၂၀၁၅ | မွန်းလွဲ ၂ မှ ၅ နာရီတွင် ရဲနှင့် မိုင်းလင်းလူကြီးတို့က ရွာသား၆ ယောက်ကိုခေါ်ခါ ဖြစ်စဉ်များကိုမေးသည်။တောင်ပေါ်ကိုဘယ်နှစ်ယောက်သွားသလဲ၊ဘာတွေကိုင် ဆောင်သွား သလဲ ၊ လုံးဆန်သေတာကိုဘယ်လိုသိသလဲဆိုတာကိုမေးသည်။ |
| အောက်တိုဘာ၁၈၊ ၂၀၁၅ | မွန်းလွဲ ၂ မှ ၅ နာရီတွင် ရဲကရွာသားနှစ်ယောက်ကိုအမှုကိစ္စနှင့် ထပ်မေးသည်။ |
| အောက်တိုဘာ၁၉၊၂၀၁၅ | ရွာသားနှစ်ယောက်ကိုရဲနှင့် မိုင်းလင်းလူကြီးတို့ စစ်မေးသည်။ |
| အောက်တိုဘာ၂၄၊၂၀၁၅ | နံက်၁၀ မှ ညနေ၄ နာရီတွင်၂၀၁၅ ခုအတွင်းရွှေတွင်းတူးသောကြောင့်နားဟိုင်းလုံ ရွာသားတို့၏ လယ်ယာများပျက်စီးမှုအတွက် လျှော် ကြေးကိစ္စပြောရန်နားဟိုင်းလုံ ရွာသားတို့ကို တာချီလိတ်ခရိုင် တာဝန်ခံများက ဖိတ်ခေါ်သည်။တာချီလိတ်ခရိုင်ရုံး သို့ ရွာသား ၄၀ ကျော်သွား၍ စိုင်းတစ်၊လွယ်ခမ်းလုံ၊ စိုင်းစိုက်ပျိုးရေး၊ နှင့် ရွှေတောင်ကုမ္ပဏီ(၄)ခုမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံသည်။ရွှေတွင်းဆက်တူး ခွင့်ပြုမလားဟုရွာသားများကိုမေးသည်။ ရွာသား(၃၀)ကျော်ကရွှေတွင်းမှ စွန့်ပစ် သည့် အညစ်အကြေးများကြောင့် လည်းကောင်း၊ရွာသားများပိုမိုပစ်သတ်ခံရမည် ကို ၎င်း တရွာလုံးရွှေ့ပြောင်းရမှာကိုလည်းကောင်းစိုးရိမ်သဖြင့် ဆက် မတူးရန် ပြောသည်။ ရွာသား(၁၀)ဦးကျော်ကမူ အတိတ်ကာလကလျှော်ကြေးများမရသေး သည့်အတွက် ရွှေးတူးလုပ်ငန်းကိုဆက်လုပ်စေချင်သည်ဟုဆိုသည်။ကုမ္ပဏီတွေ ကသူတို့မိုင်းလုပ်ငန်းဆက် မလုပ်ရလျှင် ရွာသားတွေကိုလျှော်ကျေမပေးနိုင်ဟုဆို သည်။ |



မိုင်းလင်းရှိကြောက်မက်ဖွယ် ရွှေဆက်တူးနေမှုသည် ကတိကို ဖေါက်ဖျက်ခြင်းဖြစ်သည်။

| | |
|---|---|
| နိုဝင်ဘာ၊ ၂၀၁၅ | ရွှေတူးဖော်ရေးလုပ်ငန်းသည် လွယ်ခမ်းလုံတောင်ကုန်းတွင် ဆက်လုပ်နေသည်။ |

မှတ်ချက် - လုံးဆမ်ကို ပစ်သည့်စစ်သားမှာ မိုင်းဖြတ်အခြေစိုက် ခမရ (၃၃၀)မှ ဖြစ်သည်။ မိုင်းဖြတ် အခြေစိုက်တပ်များသည် မိုင်းလင်းဒေသရှိ ရွာထဲတွင် တပ်စွဲခြင်း၊ လွယ်ခမ်းလုံရွှေတူးဖော်ရေးကို လုံခြုံရေးယူခြင်း များလုပ်ခါ ၃လမှ ၆လအတွင်းတွင် တခါ အပြောင်းအလဲ လုပ်လေ့ရှိသည်။



နားဟိုင်းလုံမှရွာသူ၊ရွာသားတောင်ကြီးတွင် ရွှေတူးဖော်မှုနှင့်ပတ်သက်ပြီးသတင်းစာရှင်းလင်းပွဲ





နားဟိုင်းလုံရွာသူ၊သားနှင့်ရှမ်းပြည်သတ္တုဝန်ကြီးအား တောင်ကြီးတွင်တွေ့ဆုံ



ရွှေများကိုသန့်စင်ရေးအတွက်ပြုလုပ်ရန်ပြင်ဆင်နေကြချိန်



မိုင်းလင်းရှိကြောက်မက်ဖွယ် ရွှေဆက်တူးနေမှုသည် ကတိကို ဖေါက်ဖျက်ခြင်းဖြစ်သည်။



ဘိုတူဆာ ရွှေတူးဖော်ရာဆိုဒ်တွင် တူးဖော်နေ



နားဟိုင်းလုံမှ ရွာသူ၊သားများရွှေတူးဖော်ရာဆိုဒ်ကိုသွားရောက်လေ့လာချိန်

မိုင်းလင်းရှိကြောက်မက်ဖွယ် ရွှေဆက်တူး
နေမှုသည်

# ကတိကို ဖေါက်ဖျက်

ရှမ်းပြည်တောင်သူလယ်သမားများကွန်ယက်